
စိတ်ကူးချိုချိုအနုပညာ

# ကျောင်းဒါယကာကသမီး ရွှေခြေကျင်းကြီး

အပါအဝင်

## ဟာသပုံပြင်များ

မင်္ဂလာချင်အောင်



ဒုတိယအကြိမ်

mgyoe.com

mgyoe.com



# ကျောင်းဒါယကာသမီး
# ရွှေခြေကျင်းကြီး

အပါအဝင်

## ဟာသပုံပြင်များ

**မင်္ဂလာရှင်အောင်**

SPK0019

1,500.00 KS

mgyoe.com

ကျောင်းဒါယကာ့သမီးရွှေခြကျင်းကြီးအပါအဝင် ·ဟာသပုံပြင်များ၊ မင်္ဂလာရှင်အောင်
စာမျက်နှာ ၁၂၄ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ မတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၅ မြတ်ပန်းရဂုံစာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

# ကျောင်းဒါယကာ့သမီး
# ရွှေခြေကျင်းကြိုး

အပါအဝင် ဟာသပုံပြင်များ

## မင်္ဂလာစျင်အောင်

ဒုတိယအကြိမ် ၂၀၀၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | နွားကောင်းပြိုင်ပွဲကြီး | ၁ |
| ၂။ | အရာနဲ့ကြောင်းကြောင်း | ၇ |
| ၃။ | ဖိုးသူတော်နှင့် မြက်ရိတ်သူ | ၁၅ |
| ၄။ | တိုလည်းတိုတဲ့ ကိုဖိုးတို | ၂၁ |
| ၅။ | ကျောင်းဒါယကာ့သမီး ရွှေခြေချင်းကြီးနှင့် | ၂၇ |
| ၆။ | ဝက်သားတုံးကြီး ဒူးခေါင်းလောက် | ၃၅ |
| ၇။ | ငချော်လဲ၏ ကံတရား | ၄၁ |
| ၈။ | တောကြက်တစ်ကောင်၏ ခြေထောက် | ၄၉ |
| ၉။ | အတောင်ဆိတ်၍ အတိတ်ဆောင် | ၅၇ |
| ၁၀။ | နှစ်လဆိုသော ဝေါဟာရ | ၆၃ |
| ၁၁။ | ကိန္နရာဂူ | ၇၁ |
| ၁၂။ | လူပျိုကြီး လုပ်မည့်သူ | ၇၉ |
| ၁၃။ | ထောင့်အမျိုးမျိုးနှင့် မှန် | ၈၅ |
| ၁၄။ | ကံကြီး စလင်းလွတ်သလို | ၉၁ |


mgyoe.com

mgyoe.com

၁၅။ အရေးထဲမှာဗျာ ၉၉
၁၆။ မြောက်ခွင်ပြန် ကိုတိုးပဲပုပ် ၁၀၅
၁၇။ ကျတ်ကုန်းက သတ္တဝါကြီး ၁၁၁
၁၈။ ဦးသူတော်နှင့် ရေချမ်းစင် ၁၁၉

❖

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

''တပည့်တော် တွေ့ဖူးတဲ့ နွားကောင်းဟာ
လှလည်းလှ၊ ချောလည်းချော၊ ဝလည်းဝတယ် ဘုရား။
ဒါပေမဲ့ တွဲဖက်နွားက ဘက်မညီတော့ လိုရာမရောက်ဘဲ
ဆီဆုံပွတ်သလို တစ်ကောင်တည်း ပြေးနေတယ် ဘုရား၊
တွဲဖက် အတိုင်နွားမှာ ပြေးရတယ်မရှိဘဲ
ချာချာလှည့်နေရတာနှင့် အချိန်ကုန်ရော''

mgyoe.com

mgyoe.com

# နွားကောင်းပြိုင်ပွဲကြီး

ဘုန်းတော်ကြီးသည် မိမိခြေတော်ရင်း၌ ဝပ်စင်းခိုလှုံလာသော တပည့်များအား ပညာသင်ကြားပေးရုံဖြင့် မပြီးသေးပေ။ ကျောင်းအိပ် ကျောင်းစားတွေမို့ အဝတ်ဆင်ရသည်။ အစာကျွေးရသေးသည်။ ဒါမျှဖြင့် မပြီးသေး။ ဘယ်လို လူစားတွေလဲဟူ၍လည်း စူးစမ်းရသေးသည်။

လသာသော ညတစ်ညတွင် ကျောင်းသားတွေသည် ဝတ်တက်အပြီး၌ မအိပ်ကြသေးပေ။ လက်ရန်းဘက်သို့ထွက်ကာ ငွေလမင်းကြီးကို မော့ကြည့်နေကြသည်။ ဤအခိုက် ဆရာတော်ဘုရား ကြွလာသည်။ ဝိုင်းဝန်းဝတ်ဖြည့်ပြီး ရှေ့တော်၌ ထိုင်နေကြသည်။

ဘုန်းတော်ကြီးက...

"ငသြ၊ ငဦး၊ ငအိတို့"

"ဘုရား"

"မအိပ်ချင်ကြသေးရင် စကားနိုင်လုကြစမ်းကွယ်၊ ကိုင်း... ဘယ်သူက စပြောမလဲ"

တပည့်တို့၏ အာစ၊ လျှာစ ဗဟုသုတကို စမ်းလိုက်ခြင်း ဖြစ်

mgyoe.com

mgyoe.com


သည်။

ငပြဲက...

"တပည့်တော် နွားကောင်းပုံကို လျှောက်ထားပါရစေ ဘုရား"

"ကောင်းသဟိတ်၊ သေသေချာချာ နားထောင်ကြ၊ စကား မပြောနဲ့"

ဤသည့်နောက်တွင် ငပြဲက သူ တွေ့ဖူးသော နွားကောင်း အကြောင်းကို စတင်ပြီး ပြောလေ၏။

"တပည့်တော် တွေ့ဖူးတဲ့ နွားကောင်းဟာ လှလည်းလှ ချောလည်းချော၊ ဝလည်းဝတယ် ဘုရား။ ဒါပေမဲ့ တွဲဖက်နွားက ဘက် မညီတော့ လိုရာမရောက်ဘဲ ဆီဆုံပွတ်သလို တစ်ကောင်တည်း ပြေးနေ တယ် ဘုရား။ တွဲဖက် အတိုင်နွားမှာ ပြေးရတယ်မရှိဘဲ ချာချာလှည့်နေရ တာနဲ့ အချိန်ကုန်ရော"

"ကောင်းတယ်ဟေ့၊ ကိုင်း...ငဦး အလှည့်"

"တပည့်တော်ရဲ့ နွားက သန်သဘုရား"

"သန်ပုံ ပြောစမ်းလဟဲ့"

"တပည့်တော်ကို ကျောင်းမအပ်ခင် တစ်လလောက်မှာ တပည့်တော်တို့ သားအဖ ငမှင်တောကို ထင်းခုတ်ရအောင် သွားကြသ ဘုရား၊ ထင်းတွေ ခုတ်ကောင်းကောင်းနဲ့ ခုတ်လိုက်ကြတာ လှည်းပေါ် တင်တဲ့အခါကျတော့ လှည်းမဆံ့တာနဲ့ အကုန်မတင်နိုင်ဘူး။ ဒါတောင် ရံတိုင်အထက် တစ်တောင်လောက် မြင့်နေတယ် ဘုရား"

"တယ်လည်း လောဘကြီးသကိုး"

"ဒါနဲ့ မမှောင်ခင် ရွာရောက်အောင် အသော့နှင်လာလိုက်တာ အရေးထဲမှာ အရာပေါ်ဆိုတာလို တောအုပ်အထွက်က ဗွက်ထဲမှာ လှည်းနစ်ပါလေရော ဘုရား။ တပည့်တော်က ထင်းတွေ ချဖို့ပြောတာ

mgyoe.com

mgyoe.com


အဖေက နားမထောင်ဘူး။ ငါ့နွားအကြောင်း ငါသိတယ်ဆိုပြီး နွားနှစ်ကောင်ကို ရိုက်မောင်းတော့ တအားရုန်းတယ် ဘုရား။ အဖေ့ နွားတွေဟာ တကယ်ပဲ သန်ပါတယ် ဘုရား။ လှည်းစည်းကုံးပြတ်ပြီး နွားနှစ်ကောင်ရယ်၊ အဖေရယ် လွင့်သွားလိုက်ကြတာ ရှားပင်ပေါ်ကို ကန့်လန့်ကြီး တင်နေပါရောလား"

"တယ် သန်ပါကလား"

"တပည့်တော်မှာ ရှာပြန်ပြီး လူတွေခေါ်လာရတယ် ဘုရား၊ အဖေနဲ့ နွားတွေကို ကြိုးနဲ့သိုင်းပြီး ခက်ခက်ခဲခဲ ချရပါသဘုရား"

"အင်း...ကောင်းပါ့...ကောင်းပါ့၊ ကိုင်း...ခုတစ်ခါ ငအိအလှည့်ဟေ့..."

ချောင်ထဲက မှောင်ထဲတွင် ကုပ်နေသော သျှောင်ပေစုးကလေးသည် ရှေ့နားသို့ တိုးလာ၏။

"တပည့်တော် နွားက မြန်သဘုရား"

"အေး...မြန်ပုံကလေး"

"တပည့်တော်ကို ကျောင်းမထားမီ တစ်နှစ်လောက်မှာ ရေစကြိုက ဒွေးတော် အလည်လာပါလေရော ဘုရား။ အဖေကလည်း မအားတော့ တပည့်တော်ပဲ ဒွေးတော်ကို ဘုရားဖူးဖို့ လှည်းနဲ့ လိုက်ပို့ရတာပေါ့။ တပည့်တော်ရဲ့ နွားတွေကလည်း ဝမ်းသာအားရနဲ့ ပြေးတယ်ဘုရား။ ကန်ကြိုးကို ကန်ပြီး ဆွဲထားတဲ့ကြားထဲက ပြေးနေတော့ ပြေးဟာဆိုပြီး လွှတ်ပေးလိုက်တော့ ပြေးလိုက်တာ ဘုရား။ ရွှေစည်းခုံဘုရားကို ကွမ်းတစ်ယာမညက်ခင်ရောက်သဘုရား။ ဒါနဲ့ ဒွေးတော် ဆင်းတော့လို့ပြောပြီး လှည့်အကြည့်မှာ ဒွေးတော် ပါမလာဘူး"

"ဘယ်လို ဖြစ်တာတုံးဟဲ့"

"တပည့်တော်လည်း ကမန်းကတန်း လှည်းကို ပြန်လှည့်ပြီး

mgyoe.com

mgyoe.com



မောင်းလာလိုက်တာ သရုပါတံခါးနားမှာ ဒွေးတော်ကို မြင်ရတယ် ဘုရား"

"လှည်းပေါ်က လိမ့်ကျတာ မသေတောင် ကျိုးပြီပေါ့ဟယ်"

"မကျိုးပါဘူး ဘုရား၊ ဒွေးတော်ဟာ လှည်းခုန်လို့ မြောက်တက်ပြီး လွင့်သွားတာမို့ လေထဲမှာပဲ ရှိသေးသဘုရား၊ ဒါနဲ့ တပည့်တော်လည်း လှည်းကို ဒွေးတော်အောက်တည့်တည့် ပြေးခံလိုက်ရပါသဘုရား"

ဘုန်းတော်ကြီးသည် "နွားတွေထဲမှာတော့ ငအိရဲ့နွားက အကောင်းဆုံးပဲဟေ့" မိန့်တော်မူသည်။ ကိုရင်များ၊ သာမဏေများလည်း လက်ခုပ်လက်ဝါးတီးကာ တသောသော ရယ်မောကြလေ၏။

❖

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


''ဘာဟင်းလဲကွ မွေးလှချည်ကလား''
''ယုန်ကင်နဲ့ မန်ကျည်းရွက်ဟင်းဗျ''
''ကောင်းတယ်ဟေ့ . . .စားကြ . . .စားကြ
ငါတော့ မျိုးစပါး ယူစရာရှိသေးလို့ကွာ၊
မစားအားသေးဘူး''

mgyoe.com

mgyoe.com

# အရာနဲ့ကြောင်းကြောင်း

ဂါမဏိစန္ဒသည် သူ ချီခဲ့ပိုးခဲ့သော ခုနစ်နှစ်ရွယ် မင်းသား ကလေး ဘုရင်ဖြစ်လာသောအခါ မင်းခယောကျ်ား မလုပ်တော့ဘဲ ဗာရာဏသီပြည်မှ ထွက်ခွာလာခဲ့လေ၏။ ဆွေမျိုးသားချင်းများက ဝမ်းသာအယ်လဲ ဆီးကြိုကြသဖြင့် လယ်သမားဘဝတွင် အရိုးထုတ်ရန် စိတ်ကူးမိတော့၏။

လုပ်စရာ မြေတွေပေါ၏။ ဓားမတစ်ချောင်းရှိလျှင် ထွန်တုံး ထွန်သန် ထွန်သွားလည်း မခက်။ အမိဘက်က ဆွေမျိုး၊ အဖဘက်က ဆွေမျိုးနှင့် ရပ်သူရွာသားများကလည်း ဝိုင်းဝန်းကူညီကြသည်။ သို့သော် လယ်ထွန်စရာ နွားမရှိ။ ဆွေမျိုးမိတ်သင်္ဂဟများမှာလည်း နွားအပို မရှိ။

ဤသို့ဖြင့် ဂါမဏိစန္ဒသည် မောင်သုခ၊ မယ်သာမတို့ထံမှ နွားတစ်ရှဉ်းကို နေ့ပြန်ပေးဖြင့် ငှားရမ်းအသုံးပြုရတော့သည်။ နေ့ပြန်ပေး မှာ နွားနှစ်ကောင်ကို အရဏ်တက်ချိန်တွင် လာယူပြီး မမှောင်မီ ပြန်ပို့ရ ခြင်း ဖြစ်သည်။

ဂါမဏိစန္ဒသည် နေဝင်ချိန်တွင် မောင်သုခတို့အိမ်သို့ ရောက်

mgyoe.com

mgyoe.com


လာမြဲ ဖြစ်သည်။ "မောင်သုခရေ…ဟောဒီမှာ မင်း နွားတွေ"ဆိုကာ ခြံသွင်းထားခဲ့မြဲ ဖြစ်သည်။ တစ်ညနေတွင်ကား မောင်သုခတို့ လင်မယား ထမင်းစားချိန်နှင့် ကြုံနေသည်။

"ဦးရိုး ထမင်း သုံးဆောင်ပါဦး"

"စားကြပါကွာ၊ ငါ မစားအားသေးပါဘူး"

ဂါမဏိစန္ဒသည် မောင်သုခ၊ မယ်သာမတို့၏ မျက်စိအောက်တွင် နွားခြံကို ဖွင့်သည်။ နွားနှစ်ကောင် ခြံထဲသွင်းသည်။ ထို့နောက် နွားခြံကို ပြန်ပိတ်ထားခဲ့သည်။

"ဘာဟင်းလဲကွ၊ မွှေးလှချည်ကလား"

"ယုန်ကင်နဲ့ မန်ကျည်းရွက်ဟင်းဗျ"

"ကောင်းတယ်ဟေ့…စားကြ…စားကြ၊ ငါတော့ မျိုးစပါး ယူစရာရှိသေးလို့ကွာ၊ မစားအားသေးဘူး"

ဂါမဏိစန္ဒသည် ပျိုးခင်းတွင် ပျိုးကြဲရန်သာ အာရုံစောနေသည်။ နောက်တစ်နေ့နံနက်တွင် ပျိုးကြဲရန်ရှိသဖြင့် နွားနှစ်ကောင်ကို သွားရောက် မယူမိ။ သို့သော် မောင်သုခ ရောက်လာသည်။

"ဦးရိုးစန္ဒ ကျွန်တော့် နွားတွေကော"

"ဟေ့ကောင်…မင်းတို့လင်မယားရဲ့ မျက်စိအောက်တွင် နွားနှစ်ကောင်စလုံး ခြံသွင်းပစ်ခဲ့တာပဲ။ ဘာတွေ လာပြောနေတာတုံး"

"အခုမနက် ခြံထဲကြည့်တော့ အဲဒီ နွားတစ်ရှဉ်း မရှိဘူးဗျ"

"ညက သူခိုး ဝင်ခိုးသွားတာ ဖြစ်မှာပေါ့"

"အဲဒါ ကျုပ် မသိဘူး၊ ဦးရိုးပါးစပ်က မင်းနွားတွေ ဟောဒီမှာလို့ပြောပြီး ပြန်အပ်တာ မဟုတ်တဲ့အတွက် အခု ပြန်အပ်ပါ"

"ဟာ…မောင်သုခ၊ ဒီလို မလုပ်ပါနဲ့"

"ဦးရိုး ကျုပ် နွားနှစ်ကောင်ကို ပြန်မအပ်နိုင်ရင် တရားစွဲရလိမ့်

mgyoe.com

mgyoe.com


မယ်။ ဟောဒီမှာ ဘုရင်မင်းမြတ်ရဲ့ တမန်တော်"

မောင်သုခက အိုးခြမ်းကွဲတစ်ချပ်ကို ရှေ့သို့ ပစ်ချလိုက်သည်။

"လာ...ဘုရင်မင်းမြတ် ရှေ့တော်ကို လိုက်ခဲ့"

"မောင်သုခရာ မင်းနွားတွေကို ပြန်အပ်ပြီးသားပါကွာ"

ဂါမဏိစန္ဒ ညည်းတွားသော်လည်း မောင်သုခကား ဂါမဏိစန္ဒ၏လက်ကို မလွှတ်တော့ပေ။ ဂါမဏိစန္ဒလည်း တညည်းညည်း တတွားတွားဖြင့် ပါလာရတော့သည်။

"ဦးရိုးစန္ဒရေ...အဲဒီမြင်းကို ခဲနဲ့ တုတ်နဲ့ တစ်ခုခုနဲ့ပစ်ပြီး နောက်ကြောင်းပြန်လှည့်အောင် ပစ်လိုက်စမ်းပါဗျို့"

လွှတ်ကျောင်းထားသော မြင်းကို လိုက်လံသိမ်းသူ၏ အသံဖြစ်သည်။ မြင်းက အဖမ်းမခံဘဲ လျှောက်သွားနေသည်။ ဂါမဏိစန္ဒလည်း ကျောက်ခဲတစ်ခဲ ပြေးကောက်သည်။ ကြောက်လန့်စေရန် လှန့်ပစ် ပစ်လိုက်သည်။ ကျောက်ခဲက မြင်း၏ လက်ဆစ်ကို တန်းတန်းမတ်မတ် ထိသည်။ မြင်းလည်း ခွေလဲကျသွားသည်။

"ကျွန်တော့်ဘက်ကို လည်လာအောင် အလှန့်ခိုင်းတာဗျ၊ လက်ကို ချိုးပစ်လို့ ပြောတာမဟုတ်ဘူး"

မြင်းသမား ဒေါသတကြီး ပြေးလာသည်။

"တောင်းပန်ပါတယ်ကွာ၊ မတော်တဆ ဖြစ်သွားတာပါ"

"ဦးရိုးစန္ဒရာ ဒီလို တောင်းပန်ရုံနဲ့ ဘယ်ရမတုံး၊ အလျော်ပေးရမယ်"

"ငါ့ခေါင်းမွေးသာ နုတ်ယူပါတော့ကွာ"

"ခင်ဗျား ခေါင်းမွေး မလိုချင်ဘူး၊ အလျော်ပေးပါ၊ အလျော်မပေးရင် နေပြည်တော်တက်ပြီး တရားစွဲမယ်။ ဟောဒီမှာ ဘုရင်မင်းမြတ်ရဲ့ တမန်တော် လာ...လိုက်ခဲ့"

mgyoe.com

mgyoe.com


"ဟာ...ဒုက္ခပဲ၊ နွားဖိုး မလျော်နိုင်ရတဲ့အထဲ မြင်းဖိုးတဲ့"

မြင်းသမားက ဂါမဏိစန္ဒ၏ လက်ဝဲလက်ကို လာဆွဲသည်။

တရားလိုနှစ်ယောက်၏ ကြားထဲမှ လိုက်ပါလာသော ဂါမဏိ စန္ဒသည် ရွာတစ်ရွာကို လှမ်းမြင်ချိန်၌ ဝမ်းသာအားရ ပြောသည်။

"ထမင်းဆာတာနဲ့ အတော်ပဲဟေ့၊ ဒေါ်နနဲ့ မိမွေးတို့အိမ် ဝင်ပြီး ထမင်း အချက်ခိုင်းဦးမှပဲ"

တရားလိုနှစ်ယောက်သည် ဂါမဏိစန္ဒကို ညှပ်ကိုင်လျက် လိုက်ပါလာကြသည်။ ဒေါ်နတို့အိမ်တွင် မိမွေးသာရှိသည်။ ဝမ်းသာ အားရ ကြိုဆိုသည်။ ထမင်းစားပြီးမှ ခရီးဆက်ပါဟု ပြောသည်။

"နင့်မှာလည်း မပေါ့မပါးနဲ့၊ ထမင်း အချက်ခိုင်းရမှာ အားနာ စရာကြီး။ ငါ့မှာလည်း ကတိုက်ကရိုက် ထွက်လာလို့ ထမင်းထုပ် မပါဘူးဟ"

"ဦးရီးကလည်း အားနာစရာမရှိ အားနာနေပြန်ပြီ"

မိမွေးသည် ပေါ့ပါးသွက်လက်စွာဖြင့် မီးဖိုချောင်ထဲ ဝင်သွား သည်။ ထိုအချိန်တွင် ဒေါ်န ယာထဲမှ ပြန်လာပြီ။ ဦးရီးစန္ဒအား ဝမ်းသာအယ်လဲ နှုတ်ဆက်နေစဉ် မိမွေးက လှမ်းပြော၏။

"ကိုဒေါ်နရေ...စပါးကျီပေါ်တက်ပြီး ဆန်ယူပေးစမ်းပါဦး၊ ဆန် ကုန်နေလို့"

"ဒါလေးများကွာ မင်းပဲ တက်ယူလိုက်ပါ"

ဒေါ်န၏ စကားအဆုံးတွင် မိမွေးသည် အိမ်ပေါ်မှ ဆင်း လာသည်။ စပါးကျီပေါ်သို့ အပြေးအလွှား တက်သည်။ အားလုံး လှမ်းကြည့်နေဆဲ၌ ချော်ကျသည်။ ထိခိုက်ဒဏ်ရာ မရသော်ငြား သွေးတွေ သွန်ကျလာသည်။

ဒေါ်န ပြေးပွေ့သည်။ အိမ်နီးချင်း မိန်းမသားတွေကို အော်

mgyoe.com

mgyoe.com


ဟစ် အကူအညီတောင်းသည်။ မိမွေးကို မိန်းမအချင်းချင်း မွေ့ယူသွားကြလျှင် ဒေါ်နသည် ခက်ထန်သော မျက်နှာဖြင့် ရောက်လာသည်။

"ကျုပ် မိန်းမ သားပျက်သွားပြီ၊ အဲဒါ ခင်ဗျားကြောင့်ဗျ ဦးရိုးစန္ဒရဲ့"

"ဟ...ငါ ဘာလုပ်လို့တုံး"

"ခင်ဗျားကို ထမင်းချက်ကျွေးဖို့ ဆန်တက်အယူ လိမ့်ကျလို့ သားပျက်တာ၊ ဒါကြောင့် ခင်ဗျားကို တရားစွဲမယ်။ ဟောဒီမှာ ဘုရင့်တမန်တော်၊ လာ...လိုက်ခဲ့၊ ရုံးတော်ကို သွားမယ်"

ချည်ဝင်တစ်ခုကို ရှေ့တွင် ပစ်ချပြီး ဒေါ်နက ဂါမဏိစန္ဒ၏ ခါးကို လာကိုင်သည်။ ဂါမဏိစန္ဒ သက်ပြင်းရှိုက်လိုက်သည်။

"နေရာတကာမှာ အရာနဲ့ကြောင်းကြောင်း ဖြစ်နေမှတော့ သေတာပဲ ကောင်းပါတယ်ကွာ"

နွားဖိုးနှင့် မြင်းဖိုး မလျော်နိုင်လျှင် ထိုအိမ်နှစ်အိမ်တွင် တစ်နှစ်စီ ကျွန်ခံရမည်။ ထိုအိမ်များမှ လွတ်လာပြီးလျှင် အသက်ဖိုး သုံးပိဿာအတွက် သုံးနှစ် အခိုင်းအစေ ခံရတော့မည်။ ဤသို့ တွေးမိသောကြောင့် မြည်တမ်းမိသော ဂါမဏိစန္ဒသည် ခရီးအတန်ကြာ ဆက်မိချိန်ဝယ် တောဖုံးနေသော တောင်ကမ်းပါးပြတ် တစ်ခုကို မြင်သည်။

"မောင်တို့...ဟောဟိုတောင်ခြေရင်းက တောအုပ်ထဲဝင်ပြီး တပိုးတပါး သွားပါရစေ၊ ငါ ထွက်မပြေးပါဘူး"

တောင်ခြေတောအုပ်နှင့်ဆက်၍ အင်တိုင်းမရှိ။ စေးပျစ်မရှိ။ ထွက်ပြေးလျှင် မြင်နိုင်သဖြင့် တရားလိုသုံးဦး အလွယ်တကူပင် ခွင့်ပြုလိုက်ကြသည်။

ဂါမဏိစန္ဒသည် တပိုတပါး မသွားပါ။ တောင်ပေါ်ကို ကုတ်ကတ်တက်သည်။ တောင်ပေါ်သို့ရောက်လာလျှင် ကမ်းပါးပြတ်

mgyoe.com

mgyoe.com



ဘက်သို့ လာသည်။ ဒါလောက် အရာနဲ့ကြောင်းကြောင်း အမှုမေတဲ့ ကောင် သေတာပဲ အေးပါတယ်ကွာ"ဆိုပြီး ကမ်းပါးပြတ်မှ ခုန်ချလိုက်လေ၏။

ဘုရင့်တရားရုံးတော်သို့လည်း ရောက်ရန်မလိုတော့ပြီ။ နွားရှင်နှင့် သားရှင်တို့ထံတွင်လည်း ဆင်းရဲပင်ပန်းစွာ အစေအပါး ခံရန် မလိုတော့။ ပြီးပြီ။

သို့သော် မပြီးပါ။

ဂါမဏိစန္ဒမှာ ဒုက္ခသုံးခု မပြီးပြတ်သည့်အပြင် နောက်ထပ် အမှုတစ်ခုပင် ထပ်ဆင့် လာပါသေးသည်။ အကြောင်းမူ သေချင်သောကြောင့် ချောက်ကမ်းပါးပြတ်မှ ခုန်ချသော ဂါမဏိစန္ဒ မသေပါ။

မသေဘဲ အမှုတိုးလာခြင်းမှာ ချောက်ကမ်းပါးပြတ်၌ ပေါက်နေသော ချုံနွယ်များ၏ အရိပ်ကိုခိုလျက် ကျူဖျာရက်နေသော ဒေါင်းရွေးသမား သားအဖနှစ်ယောက်အနက် အဘိုးအို၏ ကျောပေါ်သို့ ခုန်ချမိလျက်သားဖြစ်ကာ အဘိုးအိုခမျာ ပွဲချင်းပြီး သေဆုံးသွားသောကြောင့်ပေတည်း။

❖

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


"ဟဲ့ . . .မြက်ရိတ်သမား၊
မင်း မြက်ရိတ်တာ တစ်နေ့ကို
ဘယ်လောက်ရသတုံး"
"နှစ်ပြားရတယ် ဦးသူတော်၊ ဘာဖြစ်လို့တုံး"
"ငါက မင်းကိုပေးတာ တစ်နေ့ကို
တစ်ပဲပေးတဲ့အခါရှိသလို ခြောက်ပြားပေးတဲ့အခါလည်း
ရှိတယ်၊ ကြည့်စမ်း၊ အခု နေပူကြီးထဲမှာ
မိုက်လိုက်တဲ့ အကောင်"

mgyoe.com

mgyoe.com

# ဖိုးသူတော်နှင့် မြက်ရိတ်သူ

ဆရာတော်ဘုရားကြီးနှင့် တပည့် ရဟန်းတော်များ ခရီးဝေးသို့ ကြွသွားကြသည်။ ကျောင်းတွင် ဖိုးသူတော်တစ်ပါးတည်းသာ ကျောင်းစောင့်အဖြစ် ကျန်ခဲ့သည်။

ဆရာတော်ဘုရားကြီးသည် ဖိုးသူတော် တောင်တောင်အီအီတွေ လျှောက်မလုပ်နိုင်ရန် စာတွေပေးထားခဲ့သည်။ ဖိုးသူတော်လည်း စာတွေကို နေ့ရောညဉ့်ပါ ကျက်သည်။ ကျက်၍ ရပြီးသောစာတွေ မမေ့စေရန် အလွတ်ရွတ်သည်။ ဤသို့ ရွတ်ဖတ်ခြင်းကို "စာပြန်သည်"ဟု ခေါ်၏။

စာပြန်ချိန်မှာ ညဉ့်နက်ချိန်နှင့် အရုဏ်တက်ကာလများ ဖြစ်သည်။ အခြားအသံဗလံများ ကင်းဆိတ်ချိန်တွင် စာပြန်ရသဖြင့် ဖိုးသူတော်၏ အသံသာလျှင် လွှမ်းမိုးနေ၏။ ဖိုးသူတော်သည် သူ့အသံကို သူ ပြန်လည် ကြားနေရသောအခါ အလွန် သဘောကျ၏။

"ငါ့အသံ တယ်ကောင်းပါကလား၊ သည်အသံနဲ့သာ တရားဟောရရင် လူတွေ သဘောကျမှာပဲ"

mgyoe.com

mgyoe.com



သို့ဖြင့် ဖိုးသူတော်သည် တောင်းများ၊ ပလုံးများ၊ တိုင်များကို တရားဟောလေ့ကျင့်တော့သည်။ ရက်အတန်ကြာသွားလျှင် ဖိုးသူတော်သည် သက်မဲ့များကို တရားဟောရာက သက်ရှိကို တရားဟောချင်လာ၏။ ထို့အတွက် တရားဟောစရာ သက်ရှိလူကို လိုက်လံရှာဖွေ၏။

ကျောင်းဝင်းထဲသို့ လာလာပြီး မြက်ရိတ်သူတစ်ယောက် ရှိ၏။ ဖိုးသူတော်သည် မြက်ရိတ်သမားအား တရားတစ်ပုဒ်ဆုံးတိုင်း တစ်ပြားပေးမည် အာမခံကာ တရားဟော၏။ တရားတစ်ပုဒ်ဆုံးတိုင်း "ငါ့အသံ ဘယ့်နှယ်နေတုံး" မေးလေ့ရှိ၏။ မေးတိုင်းလည်း မြက်ရိတ်သမားက "ကောင်းတယ်၊ လူသာ မမြင်ရရင် ဦးဥေးယျလား၊ မှတ်ရတယ်"ဟု ချီးမွမ်းလေ၏။

မြက်ရိတ်သမားသည် ပါးစပ်ကသာ ချီးမွမ်းပြီး လူကမူ နောက်သို့ ဆုတ်သွားသည်။ ပထမနေ့ တရားနာစဉ်က ဖိုးသူတော်နှင့် မြက်ရိတ်သူသည် နှစ်တောင်မျှသာ ကွာဝေး၏။ ဒုတိယနေ့တွင် မြက်ရိတ်သူသည် သုံးတောင်ကွာသို့ ရောက်သွားပြီး တတိယနေ့တွင်မူ လေးတောင်ကွာသို့ ရောက်သွားကာ စတုတ္ထနေ့တွင်ကား လုံးဝပေါ်မလာတော့ချေ။

ဖိုးသူတော်သည် မြက်ရိတ်သူအား ကျောင်းဝိုင်းအနှံ့ လိုက်လံရှာဖွေသည်။ မတွေ့ချေ။ မတွေ့လည်း နေပေ့စေဆိုကာ တောင်းပလုံးတွေကို ပရိသတ်သဘောထားကာ တရားဟော၏။ ဟောရသည်မှာ အရသာမရှိ။ ခြောက်ကပ်ကပ်ကြီး ဖြစ်နေသည်။

သို့အတွက် ဖိုးသူတော်သည် မြက်ရိတ်သမားကို ထပ်မံရှာဖွေရတော့၏။ အတော်ကြာအောင် ရှာဖွေမှ ထန်းတောထဲတွင် တကုန်းကုန်း မြက်ရိတ်နေသည်ကို တွေ့ရ၏။

"ဟဲ့...မြက်ရိတ်သမား၊ မင်း မြက်ရိတ်တာ တစ်နေ့ကို ဘယ်

mgyoe.com

mgyoe.com



လောက်ရသတုံး"

"နှစ်ပြားရတယ် ဦးသူတော်၊ ဘာဖြစ်လို့တုံး"

"ငါက မင်းကိုပေးတာ တစ်နေ့ကို တစ်ပဲပေးတဲ့အခါရှိသလို ခြောက်ပြားပေးတဲ့အခါလည်း ရှိတယ်။ ကြည့်စမ်း၊ အခု နေပူကြီးထဲမှာ မိုက်လိုက်တဲ့ အကောင်"

ထိုအခါဝယ် မြက်ရိတ်သမားက...

"ဦးသူတော်ဆီက ခြောက်ပြားတစ်မူး မရချင်လည်း နေပါစေတော့။ ကျောပူတာပဲ ခံပါရစေ၊ နားပူတာ မခံပါရစေနှင့်"

ဟု ပြန်ပြောလေ၏။ သို့လျှင် ရှင်းပြတ်စွာ ပြောသော်လည်း ဖိုးသူတော်သည် အလိုက်မသိဘဲ မြက်ရိတ်သူအနီးတွင် တင်ပျဉ်ခွေထိုင်လျက် ကျက်စာတွေကို တရကြမ်း ရွတ်လေတော့၏။

ဝါယောဒဏ်ကို သုံးရက်လုံးလုံး ခံပြီးသော မြက်ရိတ်သူသည် တံစဉ်ကိုချကာ ထွက်ပြေးလေ၏။ ဖိုးသူတော်လည်း ကမန်းကတန်းထကာ မြက်ရိတ်သူနောက်သို့ ပြေးပြီးလိုက်သည်။

မြက်ရိတ်သူသည် လှည့်ကြည့်၏။ ဖိုးသူတော် လိုက်လာကြောင်း သိရလျှင် နှစ်ဆတိုးပြီး ပြေးသည်။ ဖိုးသူတော်ကလည်း မမီမီအောင် အားစိုက်ပြေးလိုက်သည်။ မြက်ရိတ်သူမှာ လှည့်ကြည့် လှည့်ကြည့် ပြေးရသောကြောင့် ချုံတွေဖုံးနေသော ရေတွင်းပျက်ထဲသို့ လိမ့်ကျသွားလေ၏။

ရေတွင်းပျက်က နက်သည်။ မတ်စောက်သည်။ ရေရှိသည်။ မြက်ရိတ်သူ မတက်နိုင်။ သို့ဖြစ်၍ "ဖိုးသူတော် ကယ်တော်မူပါ" ဟု တစာစာ အော်နေရတော့သည်။

ဖိုးသူတော်လည်း ရေတွင်းနှုတ်ခမ်းတွင် ကျကျနန ထိုင်သည်။

"ကယ်မယ်...ကယ်မယ်၊ ဘာမှမပူနဲ့။ စိတ်အေးအေးထားလ

mgyoe.com

mgyoe.com


ကွယ့်"

ထိုသို့ အစချီပြီး အားရပါးရ တရားဟောတော့သည်။ ကျက်ထားသမျှစာတွေ ကုန်စင်၍ ဟောစရာမကျန်တော့မှ ကျောင်းသို့ ပြန်ပြီး ဝါးတစ်လုံးကိုယူလာကာ ရေတွင်းထဲသို့ ချပေးလိုက်လေတော့သတည်း။

❖

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


“ကျုပ် ရှင်ဘုရင်ဖြစ်နေတာဗျ၊
နန်းတော်ကြီးကလည်း ဟည်းနေတာပဲ။
ခြူးပန်း၊ ခြူးနွယ်၊ မုဒရက်ပန်းတွေနှင့်
တယ်လည်း ကျက်သရေ ရှိတာပဲ။
မိဖုရားတွေကလည်း တစ်ဖက်ငါးရာ မကဘူး၊
ကျော်တယ်၊ အမတ်ကြီးတွေဆိုတာ ရွှေစလွယ်၊
ရွှေဖောင်းတွေနှင့်”

mgyoe.com

mgyoe.com

# တိုလည်းတိုတဲ့ ကိုဖိုးတို

တစ်ရံရောအခါက အဖော်မင်သော ဦးသူတော်တစ်ယောက် ရှိလေသည်။ သူသည် ဘုန်းတော်ကြီးကျောင်းအနီးတွင် "တလဖုတ်" တဲကလေးထိုးကာ နေထိုင်သည်။ သူသည် ကျောင်း၏ ဝေယျာဝစ္စများကို မခိုမကပ် ဆောင်ရွက်သောကြောင့် ဘုန်းတော်ကြီးက စားစရာများ မပြတ်စွန့်ကြဲလေ့ရှိ၏။

သို့ဖြစ်သဖြင့် ဦးသူတော်၏တဲတွင် စားစရာများ မပြတ်လပ်ချေ။ ကပ္ပိယကြီးနှစ်ဦးမှာ ဦးသူတော်ထံသို့ နေ့စဉ်လာပြီး စကားစမြည် ပြောသည်။ စကားပြောခြင်းမှာ စားစရာများ စားလို၍ ဖြစ်သည်။

တစ်ခုသောနံနက် ဘုန်းတော်ကြီး အရုဏ်ဆွမ်း ဘုဉ်းပေးပြီးချိန်တွင် ဖြစ်၏။ ဦးသူတော်သည် အဖန်တစ်အိုး၊ ပဲကျားပြုတ် တစ်ပန်းကန်ဖြင့် စည်းစိမ်ယူလျက်ရှိသည်။ ကပ္ပိယကြီးနှစ်ဦးလည်း အလျှိုအလျှို ရောက်လာကြသဖြင့် မကြာမီ စကားဝိုင်းဖွဲ့ ဖြစ်သွားလေသည်။

တောရောက်တောင်ရောက် ရောက်တတ်ရာရာ ပြောနေကြရာက "ညတုန်းက ကျုပ် အိပ်မက်မက်တာ ကောင်းလိုက်တာဗျာ" ဟု

mgyoe.com

mgyoe.com


ဦးသူတော်က စကားကို ဖောက်ပြော၏။

ကပ္ပိယကြီးနှစ်ဦးက ပလုတ်ပလောင်းအသံဖြင့် "ဘယ်လို ကောင်းတာတုံး"ဟု မေး၏။

"ကျုပ် ရှင်ဘုရင် ဖြစ်နေတာဗျ၊ နန်းတော်ကြီးကလည်း ဟည်း နေတာပဲ။ ခြူးပန်း၊ ခြူးနွယ်၊ မုဒရက်ပန်းတွေနှင့် တယ်လည်း ကျက် သရေရှိတာပဲ။ မိဖုရားတွေကလည်း တစ်ဖက်ငါးရာ မကဘူး၊ ကျော်တယ်၊ အမတ်ကြီးတွေဆိုတာ ရွှေစလွယ်၊ ရွှေဖောင်းတွေနှင့်"

ထိုအခါ ခေါင်းတုံးပြောင် ကပ္ပိယက "အိပ်မက်မဟုတ်ဘဲ တကယ်ဖြစ်ရင် ကောင်းမှာပဲနော်"ဟု ဆိုသည်။

"တကယ် ဖြစ်ချင်ဖြစ်နေမှာပေါ့၊ ဦးသူတော်က ရာဇဖွားပဲ ဟာကို"

သျှောင်ထုံးနှင့် ကပ္ပိယက ထိုသို့ မြှောက်ပြီးနောက် "ဦးသူ တော် တကယ်ဘုရင်ဖြစ်တဲ့အခါ ကျုပ်ကို ရှင်မတောင်ကို အပိုင်စား ပေးသနားပါလား ဟင်"ဟု ပြော၏။

ဦးသူတော် ချက်ချင်း ခေါင်းခါသည်။

"ဘယ်ဖြစ်မတုံးဗျ၊ ကျုပ်မိဖုရားတွေထဲက သနပ်ခါးကြိုက်တဲ့ မိဖုရားတစ်ပါးပါးကို ပေးရမှာ"

သျှောင်ထုံးကပ္ပိယ နှာခေါင်းရှုံ့နေစဉ် ခေါင်းတုံးကပ္ပိယက နှောက်၏။

"သူ့ကို မပေးချင်လည်း ကျုပ်ကို ရေနံချောင်းမြို့စား ခန့်ပါ နော်"

"ဒါလည်း မဖြစ်ဘူးဗျ၊ မိဖုရားတစ်ပါးပါးရဲ့ မောင်ကို မြို့စား ခန့်ရမှာ"

ခေါင်းတုံးကပ္ပိယ နှာခေါင်းရှုံ့သည့်အခိုက် သျှောင်ထုံးကပ္ပိယ

mgyoe.com

mgyoe.com


က တစ်ကျော့ဝင်လာပြန်သည်။

"သလိုဆိုလည်း တံခါးမှူးပဲ လုပ်ပါရစေဗျာ"

"ကျုပ်လည်း ဝေါတော်မှူးနေရာပဲ တောင်းပါတော့မယ်"

ဘုရင်လည်း တကယ် မဖြစ်သေး၊ မိဖုရားလည်း ဘယ်မှာ ရှိမှန်း မသိသေးသော ဦးသူတော်သည် ဝုန်းခနဲ ထရပ်ကာ အော်လိုက်၏။ သူအော်လိုက်သော စကားမှာ...

"ခင်ဗျားတို့နှစ်ယောက်လုံး တော်တော် အတောင်းအရမ်း ထူတဲ့ လူတွေပဲ။ သွားကြစမ်းဗျာ...သွား...သွား"

ဟူ၍ ဖြစ်ပေသတည်း။

❖

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


''ဦးသာ၊ စိန်ပန်း၊ ဒန်းလှကိုရှာ၊
အိမ်ထောင်ဖက် အသက်တစ်ရာနေတဲ့ ဦးသူတော်ရဲ့
တနင်္ဂနွေနှင့် သောကြာ အိမ်ထောင်ပြုရင်
အသက်တစ်ရာ နေရတယ်လို့ ရေးထားသဗျ''
''ကံ–ကံ၏အကျိုးကို ဘယ်သွားထားမတုံး
ကျောင်းဒကာရဲ့၊ စာရှိတိုင်း မဟုတ်နိုင်ပါဘူး။
အသက်သုံးလေးဆယ်နှင့်
ကွယ်လွန်သူတွေ အများကြီးပါ''

mgyoe.com

mgyoe.com

# ကျောင်းဒါယကာ့သမီး ရွှေခြေချင်းကြီးနှင့်

ကျောင်းဒါယကာကြီးနှင့် ဖိုးသူတော်တို့ ဆုံမိလျှင် ဒီအကြောင်းကို ဆွေးနွေးမိကြသည်။ ဆွေးနွေးမိလျှင် ငြင်းခုံကြတော့သည်။ ဤအကြောင်းကား "စာရှိတိုင်း ဟုတ်၊ မဟုတ်"ပေတည်း။

ယနေ့လည်း ဤအကြောင်းကို ဦးသူတော် ရှောင်ကွင်းပါလျက်က ကျောင်းဒါယကာသည် အတင်းဆွဲခေါ်လာ၏။

"ဦးသူတော်ကို ကျောင်းနား၊ ဘုရားနားနီးတဲ့ သူဆိုပြီး ကျုပ်က လျှော့ပေးလာတာ များပြီ၊ ကနေ့တော့ မလျှော့နိုင်ဘူး"

"ဘာများပါလိမ့် ကျောင်းဒကာရယ်"

ဦးသူတော်မှာ ဆရာတော်၏ မျက်နှာရိပ် မျက်နှာကဲကိုလည်း ကြည့်ရသေး၏။ သူနှင့် ကျောင်းဒါယကာတို့၏ စကားဝိုင်းမှာ ကွယ်ရာထောင့်ရာ၌မဟုတ်။ ဆရာတော် မြင်လောက် ကြားလောက် သည့်နေရာ၌ဖြစ်သည်။

ဦးသူတော်က ဆရာတော်၏ အရိပ်အကဲကို ကြည့်ရခြင်းမှာ စကားတစ်ခွန်း ရှိခဲ့ဖူး၍ ဖြစ်သည်။

mgyoe.com

mgyoe.com



ဆရာတော်က…

"ဟဲ့…ဖော်သူဒိုး၊ တစ်ခါတုန်းက ကျောင်းအောက်မှာ ကျောင်းသားနှစ်ယောက် အငြင်းအခုံ ဖြစ်ကြသတဲ့။ တစ်ယောက်က သာသနာ ငါးထောင်သာရှိတယ်ပြောပြီး ကျန်တစ်ယောက်က မဟုတ်ဘူး၊ ခြောက်ထောင်ရှိတယ်လို့ ငြင်းကြသတဲ့။

"လက်သီးလက်မောင်းတန်းပြီး အော်ကြီးဟစ်ကျယ် ငြင်းရာက ရိုက်မောင်းပုတ်မောင်း ဖြစ်လာကြချိန်မှာ ဆရာတော်က သာသနာ ငါးထောင်သမားကိုခေါ်ပြီး ရိုက်သတဲ့။

"သာသနာ ငါးထောင်သမားက မှန်ပါလျက်နှင့် ဘာကြောင့် ရိုက်ရသတုံး မေးစရာရှိတယ်။ ဆရာတော်က ရိုက်အပြီးမှာ မိန့်တော်မူတဲ့ စကားကိုကြည့်၊ ဆရာတော် မိန့်တော်မူတာက သာသနာတော် ငါးထောင်ဆိုတာ လူတိုင်းသိတယ်။ ဒီလောက် လွယ်တဲ့ကိစ္စကို မသိတဲ့ကောင်နဲ့ အဖက်လုပ်ပြီး မိုက်မဲရသလားတဲ့။ ဒါပဲ ဖော်သူဒိုး၊ ကျောင်းဒကာနဲ့ ပြိုင်ပြီး ငြင်းမနေနဲ့"ဟု မိန့်တော်မူခဲ့ဖူးသဖြင့် ဖြစ်ပေသည်။

ပစ္စည်းရှိသည်မှလွဲ၍ လေးစားလောက်သော ဗဟုသုတရှိသူ မဟုတ်ဟု ဆိုလိုဟန်ရှိ၏။ သို့သော် ကျောင်းဒါယကာက ဦးသူတော် ရှန်းမထွက်နိုင်အောင် လုပ်၏။

"ဦးသူတော် စဉ်းစားကြည့်စမ်း၊ အသေဝနာစ ဗာလာနံတဲ့၊ လူမိုက်လူယုတ်ကို မပေါင်းရဘူးတဲ့။ မှန်သလား၊ မှားသလား"

"မှန်ပါတယ်"

"မှန်မှာပေါ့ဗျာ၊ ပုရပိုက်နဲ့ အမည်းပေါ်မှာ အဖြူတင်ပြီး စာနှင့်ရေးထားတာကိုးဗျ"

ဦးသူတော် မငြင်းလိုပေမဲ့ ပြောရပေပြီ။

mgyoe.com

mgyoe.com


"ကျုပ်ပြောတာက စာနဲ့ ရေးထားတာတွေထဲမှာ မှန်တာလည်းပါ၊ မှားတာလည်း ပါတတ်တဲ့အတွက် မျက်စိမှိတ်ပြီး မယုံသင့်ဘူး ပြောတာပါဗျာ"

"ဒါဖြင့် ပြလေ၊ ဘယ်မှာ မမှန်တဲ့စာ ရှိသတုံး။ စာနှင့် ပေနှင့် ရေးထားမှတော့ မှန်ကို မှန်ရမယ်"

ဦးသူတော် စဉ်းစား၏။ ပေါက်တတ်ကရ ဗရွတ်ရွတ်တစာများသည် လိုချင်ခါမှ မထွက်။ စဉ်းစား၍ မပေါ်။

"မရှိပါဘူး ဦးသူတော်ရာ၊ စာနဲ့ ရေးထားရင် ဟုတ်ကို ဟုတ်ပါတယ်"

ကျောင်းဒါယကာသည် အနိုင်ဖြင့်ပိုင်းပြီး ဆရာတော့်အား ဦးချကာ ထွက်ခွာသွားလေတော့၏။

"ကြောက်လျှင်လွှဲ၊ ရဲလျှင်မင်းဖြစ်"

"ကြောက်တတ်ဝန်ကင်း"

တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေသောကြောင့် ဘယ်ဟာကို အမှန်ဟု ယူရမည်မသိသော စကားများက ကျောင်းဒါယကာ ပြန်သွားမှ မှတ်ဉာဏ်ထဲမှာ ပေါ်လာသည်။

"နေသေးသပ ချုံထဲက၊ ချိုသွေးသပ တမြမြပေါ့ကွာ"

ဦးသူတော်သည် ကြုံးဝါးရင်းက ကျောင်းဒါယကာ၏အစွဲကို မည်သို့ ချွတ်ရပါမည်နည်း စဉ်းစားသည်။ အတန်ကြာလျှင် ဝမ်းသာအားရ ထပြီး ခါးပန်း၌ စာရေးထားလိုက်လေ၏။

နောက်တစ်နေ့နံနက်တွင် ထုံးစံအတိုင်း ကျောင်းဒါယကာ ရောက်လာသည်။ မြတ်စွာဘုရားနှင့် သံဃာတော်များအား ကန်တော့ပြီးနောက် ရေနွေးပွဲဘေးတွင် မိန့်မိန့်ကြီး ထိုင်သည်။

"ဦးသာ၊ စိန်ပန်း၊ ဒန်းလှကိုရှာ၊ အိမ်ထောင်ဖက် အသက်

mgyoe.com

mgyoe.com



တစ်ရာနေတဲ့ ဦးသူတော်ရဲ့၊ တနင်္ဂနွေနဲ့ သောကြာ အိမ်ထောင်ပြုရင် အသက်တစ်ရာ နေရတယ်လို့ ရေးထားသဗျ"

"ကံ–ကံ၏အကျိုးကို ဘယ်သွားထားမတုံး ကျောင်းဒကာရဲ့၊ စာရှိတိုင်း မဟုတ်နိုင်ပါဘူး။ အသက်သုံးလေးဆယ်နဲ့ ကွယ်လွန်သူတွေ အများကြီးပါ"

ကျောင်းဒါယကာက နဖူးကြော ထောင်သွားကာ...

"နေ့နံ မမှန်လို့ ဖြစ်မှာပါ ဦးသူတော်ရာ၊ စာနဲ့ ရေးထားမှတော့ မလွဲပါဘူး။ ဟုတ်လို့ မှန်လို့ ရေးထားတာပါ"ဟု ချေပ၏။

"စာဆိုတာ ရေးရင်ရပါသဗျာ၊ စာရှိတိုင်း မှန်ရမယ်ဆိုတဲ့ စကားဟာ ခြွင်းချက်တော့ ရှိသင့်သဗျ"

ဦးသူတော်၏ ပြုံးစေ့စေ့ မျက်နှာထားကို သတိမမူမိသဖြင့် ကျောင်းဒါယကာသည် သူ့ဝသီအတိုင်း မျက်စိမှိတ်ပြီး ငြင်း၏။

"စာဆိုတာ ဟုတ်လို့ရေးတာ၊ မဟုတ်ဘဲနဲ့ မရေးဘူး ဦးသူတော်၊ ရမ်းပြီး မငြင်းနဲ့လေ"

"ဒါဖြင့် ဟောဒီ ခါးပန်းက စာတန်းကို ဖတ်ကြည့်ပါဗျာ"

"ဘယ်မတုံး...ဘယ်မတုံး" မေးရာက ကျောင်းဒါယကာသည် ဦးသူတော် ညွှန်ပြသော ကျောင်းခါးပန်းကို အငမ်းမရ ငုံ့ကြည့်၏။

"ကျောင်းဒါယကာ့သမီး ရွှေခြေချင်းကြီးနှင့် ကြီးရင် ငါ့ဖို့၊ တခြား ဘယ်သူမှ မယူရ၊ ပုံ...သာဂိ"

သေသေသပ်သပ် ထုံးဖြင့်ရေးထားသော စာတန်းကို အော်ကြီးဟစ်ကျယ် ဖတ်၍အဆုံးတွင် ကျောင်းဒါယကာမှာ "ဟင်" ခနဲ ဖြစ်သွား၏။ အမှန်ကို အခွပ်ခံရသော ကြက်ကြီးလို ဖြစ်သွား ပြီးမှ ကပျာကယာ အော်၏။

"ဒါ...ဒါ...ဘယ်က ပေါက်လွှတ်ပဲစားတွေ ရေးထားမှန်းမှ

mgyoe.com

mgyoe.com



မသိတာ။ စာလေစာလွင့် စာပျက်စာယုတ်"

"အဲဒါကြောင့် ပြောတာပေါ့ ကျောင်းဒါယကာရဲ့၊ စာဆိုတာ ရေးရင် ရပါတယ်လို့"

ကျောင်းဒါယကာသည် ဦးသူတော်အား ပြန်လည်ချေပ မနေတော့ပေ။ ရေစိုအဝတ်ရှာကာ ကျောင်းခါးပန်းကို ဒေါသတကြီး ပွတ်တိုက်ပစ်နေသည်။ ကျောင်းသားများနှင့် ကပ္ပိယများမှာ ခပ်လှမ်းလှမ်းသို့ ပြေးသွားကာ အော်ဟစ်ရယ်မောနေကြလေ၏။

ကျောင်းဒါယကာကြီးမှာ နောက်တစ်နေ့မှ စတင်ပြီး "စာ ရှိလျှင် ဟုတ်၏"ဟူသော အယူအစွဲမှ ကျွတ်သွားလေသတည်း။

❖

mgyoe.com